မြန်မာနိုင်ငံဆေးပညာရှင်များအသင်း
BURMA MEDICAL ASSOCIATION
Website: www.bmahq.org, Email: bmahqs08@yahoo.com
Address: 702, Moo1, Tha Sai Luad, Mae Sot, Tak, 63110, Thailand, P.O.Box: 156

# မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (၁၁) ကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ် ၊ ဖွန်လ (၂၄) ရက်

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA) ၏ (၁၁) ကြိမ်မြောက်ညီလာခံကို ၂၀၂၃ခုနှစ် ၊ ဖွန်လ ၂၃ ရက်နေ့မှ ဖွန်လ ၂၄ ရက်နေ့အထိ ထိုင်းမြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၏အဖွဲ့ဝင် ညီလာခံကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအဖြစ် ဖိတ်ကြားထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကျန်းမာရေးနှင့်ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားကျန်းမာရေးဌာနမှ ခေါင်းဆောင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှတာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၁၀၉) ဦး တက်ရောက်ခဲ့ကြပါသည်။ ညီလာခံဖွင့်ပွဲတွင် BMA အသင်း၏ ဥက္ကဌ ဒေါက်တာစင်သီယာမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဒုတိယဥက္ကဌ ဒေါက်တာခင်စောဝင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုးနှင့် တိုင်းရင်းသာကျန်းမာရေးအဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး၏ ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာနမှ ဆရာစောအဲ့ဖို့တို့က အားပေးစကားများပြောကြားခဲ့ကြပါသည်။

ညီလာခံတွင် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီက (၁၀) ကြိမ်မြောက်ညီလာခံသက်တမ်းအတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းအစီရင်ခံစာနှင့်ဘဏ္ဍာရေးအစီရင်ခံစာတို့ကို တင်သွင်းပြီး ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုပြီးနောက် ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ အတည်ပြုခဲ့ကြပါသည်။ ထို့အပြင်၂၀၂၃ - ၂၀၂၇ ခုနှစ်အတွက် ဆွေးနွေးပြုစုရေးဆွဲခဲ့သော မဟာဗျူဟာလုပ်ငန်းစဉ်ကိုလည်း ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုပြီးနောက် ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ အတည်ပြုခဲ့ကြပါသည်။ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုလည်း ဆွေးနွေးပြင်ဆင်ဖြည့်စွက်အတည်ပြုခဲ့ပါသည်။ ထို့အပြင် (၁၁) ကြိမ်မြောက်ညီလာခံသက်တမ်းအတွင်း တာဝန်ယူတာဝန်ခံဆောင်ရွက်မည့် အလုပ်အမှုဆောင် ကော်မတီကိုလည်း ဒီမိုကရေစီနည်းလမ်းဖြင့် လျှို့ဝှက်မဲပေးကာ ရွေးချယ်တင်မြောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်များအသင်းသည် ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုဌာနချုပ်ဖြစ်သော မာနယ်ပလောလွတ်မြောက်ဒေသ၌ ပထမဆုံးအကြိမ်ကျင်းပသည့် အမျိုးသားကျန်းမာရေးညီလာခံကြီး၏ လမ်းညွှန်မှုဖြင့် ၁၉၉၁ ခုနှစ် ဖွန်လ (၈) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော လူထုအခြေပြု ကျန်းမာရေးအဖွဲ့အစည်း ဖြစ်သည်။ အသင်းသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိုအခြေခံပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေး လွှမ်းခြုံမှု (Universal Health Coverage) ကို ဦးတည်လျက် အရည်အသွေးပြည့်မီသော ကျန်းမာရေးအဆင့်အတန်း တရပ်ကို ပြည်သူလူထုတရပ်လုံးရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဦးတည်ချက်ချမှတ်ထားပြီး ပြည်သူလူထု၏ကျန်းမာရေးအခွင့်အရေးများကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ကာကွယ်မြှင့်တင်ရန်၊ ကျန်းမာရေး လုပ်သားများ၏ အရည်အသွေးမြှင့်တင်ရန်နှင့် အသိအမှတ်ပြုမှုရရှိရေးတို့အတွက် တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများအပါအဝင် မျှော်မှန်းချက်တူသည့် အခြားသောကျန်းမာရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သလို တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပြီး ဖက်ဒရယ်ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာလာစေရန်နှင့် စစ်ပွဲပဋိပက္ခဖြစ်ပွားနေသောဒေသများနှင့် သဘာဝဘေးဒဏ်ကြောင့်ဒုက္ခရောက်နေသောဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့များ ရရှိရေးအတွက်လည်း လက်တွဲလုပ်ဆောင်သွားဘို့ ဆုံးဖြတ်ခဲ့ကြပါသည်။

လက်ရှိ စစ်အာဏာရှင်စနစ်ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ပညာရေးအခြေအနေများ လွန်စွာဆိုးဝါးလာခြင်းနှင့်အတူ ကျန်းမာရေးအခြေအနေများမှာလည်း လွန်စွာစိုးရိမ်ဖွယ်ကောင်းသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ ပြည်သူတရပ်လုံး ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို အမြင့်မားဆုံး ရယူခံစားနိုင်ရေး အတွက် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနှင့်လိုက်လျောညီထွေသော အမျိုးသားကျန်းမာရေးမူဝါဒနှင့် ဖက်ဒရယ် ကျန်းမာရေးစနစ်ရရှိရန် အထူးလိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည် ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးနှင့် မြန်မာ့ခွေဦးတော်လှန်ရေး၏ ရည်မှန်းချက်ဖြစ်သည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးမှာ မလွဲမသွေလိုအပ်သည်ဟု မြန်မာနိုင်ငံဆေးပညာရှင်များအသင်းက လေးနက်စွာ ခံယူပါသည်။

ဤညီလာခံက နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများကို -

၁။ နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိရန် နည်းပေါင်းစုံဖြင့် အမြန်ဆုံး ဆောင်ရွက် ပေးရန်၊

၂။ ဒေသတွင်းအဖွဲ့အစည်းများနှင့်လက်တွဲပြီး လူသားချင်းစာနာမှုအကူအညီများကို အမှန်တကယ်လိုအပ်သော လူထု ထံသို့ အထိရောက်ဆုံး ထောက်ပံ့ပေးရန်၊

၃။ ကျန်းမာရေးအကူအညီများလိုအပ်နေသော ပြည်သူများကို ဘေးကင်းလုံခြုံစွာ စောင့်ရှောက်နိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးရန်၊

၄။ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ၏ မတရားဖမ်းဆီးထိန်းသိမ်းခံထားရသော ဆေးပညာရှင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ ချက်ချင်းပြန်လည်လွတ်မြောက်လာရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးရန်၊

၅။ အာဏာသိမ်းစစ်ကောင်စီကို အစိုးရတရပ်အဖြစ် အသိအမှတ်မပြုရန် အကြံပြု တောင်းဆိုလိုက်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံဖွား ဆေးပညာရှင်များကိုလည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနှင့် လိုက်လျော ညီထွေသော အမျိုးသားကျန်းမာရေးမူဝါဒနှင့် ဖက်ဒရယ်ကျန်းမာရေးစနစ်တရပ် ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် အတူ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဤညီလာခံက လေးစားစွာ တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

###

သတင်းအချက်အလက်များ ပိုမိုသိလိုပါက အောက်ပါ တာဝန်ရှိပုဂ္ဂိုလ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) ဒေါက်တာမြင့်ချို (+ ၆၁- ၄၀၄ ၀၉၁ ၁၄၃)

(၂) စောနေထူး (+ ၆၆၈ ၁၁၉၀ ၂၂၁၇)